ဗဟိုဌါနချုပ်ရုံး
ကရင်အမျိုးသားအစည်းအရုံး
ကော်သူးလေ
www.karennationalunion.net

ရက်စွဲ–၂၅/၀၃/၂၀၁၃

# အပစ်အခတ်ရပ်စဲရေးနယ်မြေအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းအပေါ် ကေအဲန်ယူ၏ မူဝါဒ

## မူဝါဒ၏ရည်ရွယ်ချက်ပန်းတိုင်

ကေအဲန်ယူနှင့်မြန်မာအစိုးရတို့မှသတ်မှတ်သည့် အပစ်အခတ်ရပ်စဲရေးနယ်မြေအတွင်း ပြည်သူလူထုများ၏ လုံခြုံမှုအပြည့်အဝရရှိရန်၊ လူ့ဂုဏ်သိက္ခာကိုထိန်း သိမ်းမြှင့်တင်ရန်နှင့် လူနေမှုအဆင့်အတန်းတိုးတက်ကောင်းမွန်စေရန် ။

## အခြေခံမူလမ်းညွှန်ချက်များ

၁။ ကေအဲန်ယူသည် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရာတွင်၊ လူသားခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်ညီညွတ်သော ဘက်မလိုက်ခြင်း၊ ကြားနေခြင်းနှင့် လွတ်လပ်ခြင်းများကို လေးစားအားပေးသည်။ လက်တွေ့လုပ်ဆောင်ရာတွင် ဆိုလိုသည်မှာ၊ ကရင့်ဒေသအတွင်း အခြေခံလိုအပ်ချက်များအပေါ် မူတည်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုများကို လုပ်ဆောင်ရာတွင် သမာသမကျသော၊ ခွဲခြားဆက်ဆံမှု ကင်းသောစီမံခန့်ခွဲလုပ်ဆောင်မှုများကို လက်ကမ်း ကြိုဆိုသည်။

၂။ ကေအဲန်ယူသည် ကရင်ပြည်နယ်အတွင်း နေထိုင်သည့် ပြည်နယ်သူ/သား အားလုံး၏ အခွင့်အရေးများကိုထိန်းသိမ်းခြင်း၊ကာကွယ်ခြင်း၊ ဖြည့်ဆည်းခြင်း၊ စသည့်မိမိ၏အခြေခံတာဝန်ဝတ္တရားများကို လေးစားပြီးထပ်လောင်းအတည်ပြုသည်နှင့်အတူ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ရရှိနိုင်သော၊ မည်သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များကို မဆို၊ ကြောက်ရွံ့မှုကင်းစွာဖြင့် လက်ခံရယူနိုင်သည့်အခွင့်အရေးရှိရမည်။

၃။ ကေအဲန်ယူသည် သာမန်ပြည်သူ/သားများ (သို့) လူသားခြင်းဆိုင်ရာ အထောက်အပံ့ပေးသူများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းစေရန် သင့်လျော်သောကာကွယ်မှုလုံခြုံရေးပေးရန် တာဝန်ရှိသည်။ အကောင်ထည်ဖော်ရာတွင် လူသားခြင်းဆိုင်ရာအဖွဲ့အစည်းများနှင့် မြန်မာအစိုးရမှလုပ်ဆောင်သော လူသားခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် ကေအဲန်ယူမှ ဖြည့်စွက်လုပ်ဆောင်ပေးရမည်။

၄။ ကေအဲန်ယူသည် အပြည်ပြည်ဆိုင်ရာ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ၊ ဒုက္ခသည်ဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများနှင့် ဆက်နွယ်သော လူသားခြင်းဆိုင်ရာ အကူအညီပေးရေးနှင့် လက်ခံရရှိနိုင်ရေး အခွင့်အရေးများကို လေးစားထောက်ခံအားပေးမည်။

၅။ ကေအဲန်ယူသည် ကုလသမဂ္ဂမှ ကမကထ ဦးဆောင်မှုဖြင့် နိုင်ငံတကာ၏ လူသားခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုအားပေးသည်။

**အကောင်အထည်ဖော်ဆောင်ခြင်းနှင့် လုပ်ဆောင်မှုလမ်းညွှန်ချက်များ–**

၁။ ကေအဲန်ယူထိန်းချုပ်နယ်မြေအတွင်း လုပ်ငန်းလုပ်ဆောင်သည့်ပြည်တွင်း (သို့) နိုင်ငံတကာမှ အဖွဲ့အစည်းအားလုံးတို့ သည်၊ ကေအဲန်ယူအထွေထွေအတွင်းရေးမှူးရုံးတွင် စာရင်းသွင်းပြီး၊ ခွင့်ပြုချက်ရရှိသောအဖွဲ့အစည်းများသာလုပ်ငန်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၂။ ကေအဲန်ယူနှင့် လုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့အစည်း နှစ်ဦးနှစ်ဘက်တို့မှ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးရမည်။ ထိုနားလည်မှုစာချွန်လွှာအရလူသားခြင်းစာနာထောက်ထားမှု ဆိုင်ရာလုပ်ငန်း နယ်ပယ်နှင့် အချိန်ကာလများကို စီမံကွပ် ကဲအုပ်ချုပ်ရမည်။

၃။ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများ၊ ဒေသအတွင်း လုံခြုံစွာ သွားလာခြင်းနှင့်လုပ်ငန်းလုပ်ဆောင်နိုင်မှုကိုအထောက်အကူပြုရန်အတွက်၊ လုပ်ငန်းလုပ်ဆောင်ပိုင်ခွင့်နှင့် မှတ်ပုံတင် ကဒ်ပြားများကို၏ကေအဲန်ယူမှထုတ်ပေးရမည်။